# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၂၉)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက် )**

**[သောကြာနေ့]**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၁.၁၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ၁၆-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကတိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဗိုလ်မှူးကြီးဇော်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၄၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပါတ်မြို့၊ ရပ်ကွက်(၄)ခုစလုံး လွှမ်းခြုံနိုင်မည့် လျှပ်စစ်မီးသွယ်တန်းခြင်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပါတ်မြို့၊ ရပ်ကွက်(၄)ခုစလုံး လွှမ်းခြုံနိုင်မည့် လျှပ်စစ်မီးသွယ်တန်းခြင်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ အခြေခံအကြောင်းအရင်းလေးကို တင်ပြပါမယ်။ တမူးခရိုင်၊ ခမ်းပါတ်မြို့ရှိ ရပ်ကွက်(၅)ခုအနက် တစ်ဆက်တစ်စပ်တည်းဖြစ်သော အမှတ်(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်(၄)ခုမှာ အိမ်ခြေ(၂၅၁၈)အိမ်ရှိပြီး လျှပ်စစ်မီးသွယ်တန်း အသုံးပြုခွင့်ရရှိသော အိမ်ခြေစုစုပေါင်းမှာ (၃၂၃)အိမ်သာရှိပါတယ်။ အိမ်သုံးမီတာများ တပ်ဆင်အသုံးပြုနိုင်ခြင်း မရှိသေးဘဲ မီးချောင်း၊ မီးပွင့်အလိုက် တန်ဖိုးပေးဆောင် အသုံးပြုနေကြရပါတယ်။ ခမ်းပါတ်မြို့ဟာ တမူး-ကလေး-ကလေးဝ အဝေးပြေးလမ်းမပေါ်မှာ တည်ရှိပြီး ကျောင်း၊ ရဲစခန်း၊ အုပ်ချုပ်ရေးရုံး၊ ဆေးရုံ၊ စည်ပင်သာယာဈေး၊ ခမ်းပါတ်-တမူး၊ ခမ်းပါတ်-ကလေး ယာဉ်လိုင်းများ စသဖြင့် မြို့အင်္ဂါရပ်များနှင့် အတော်အတန်ပြည့်စုံစွာ တည်ရှိနေပြီ ဖြစ်ပါတယ်။

စိုက်ပျိုးရေး ကောင်းမွန်စွာဖြစ်ထွန်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် လူမှုစီးပွားဖွံ့ဖြိုးမှု အတန်အသင့်ကောင်းမွန်သော မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားရေးအခြေအနေများ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်စေဖို့ အလားအလာကောင်းများလည်း ရှိနေပြီ ဖြစ်ပါတယ်။ ထိုသို့ ဖွံ့ဖြိုးလာစေရန် လျှပ်စစ်မီးသွယ်တန်း အသုံးပြုခွင့်ရရှိရေးမှာ အရေးတကြီး လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တမူးခရိုင်၊ ခမ်းပါတ်မြို့၊ ရပ်ကွက်(၄)ခုစလုံး လွှမ်းခြုံနိုင်မည့် လျှပ်စစ်မီးသွယ်တန်းခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာ-စိမ့်ကြီးလမ်း ပျက်စီးနေသည်ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ မြသောင်း က ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာ - စိမ့်ကြီးလမ်း ပျက်စီးနေသည်ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအမှတ်(၇) မဲဆန္ဒနယ်မြေက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ ပါဝင်တဲ့ ဖြူးမြို့နယ်၊ ညောင်ပင်သာဒေသမှာရှိတဲ့ ညောင်ပင်သာ - စိမ့်ကြီးလမ်း ပျက်စီးနေတာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ဒီလမ်းကို ၁၉၉၀ ခုနှစ်ခန့်က ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်း စတင်ဆောက်လုပ်စဉ်မှာ ဖောက်လုပ်သည့်လမ်း ဖြစ်ပါတယ်။ အရှည်အားဖြင့်(၅)မိုင်ခန့် ရှိပြီးတော့ အဲဒီတုန်းကတော့ ကျောက်ကြမ်းလမ်းအဆင့် လမ်းလည်းကောင်းပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဒီ အမြန်လမ်းသစ်ကြီး ဖောက်တဲ့အခါမှာ (၁၀၈)မိုင်မှာ ဒီလမ်းကို Underpass နဲ့ ဖြတ်သွားပါတယ်။ အဲဒီနောက်ပိုင်းမှာ ကုမ္ပဏီကြီးတစ်ခုကနေပြီးတော့ အဲဒီဒေသမှာ ပြောင်းသီးနှံ စိုက်ပျိုးဖို့ ဆိုင်လိုကြီးတွေနဲ့ စက်ရုံကြီးလည်း ဆောက်ပါတယ်။ အဲဒီမှာ စက်ယန္တရားကြီးတွေ ဝင်/ထွက် တာ၊ စက်ကိရိယာတွေသယ်တဲ့ယာဉ်ကြီးတွေ ဝင်/ထွက်တာနဲ့ ဒီလမ်းက ပျက်စီးသွားပါတယ်။ အခုအခါ မှာတော့ ပြန်လည်ပြင်ဆင်ခြင်းလည်း မရှိတဲ့အတွက် မိုးတွင်းကာလမှာ ဆိုင်ကယ်တောင်သွားလို့ မရအောင် ပျက်စီးပါတယ်။

ဒါကြောင့်မို့လို့ ဒီဒေသမှာရှိတဲ့ စိမ့်ကြီး၊ မြန်မာမင်းလမ်းကူး၊ ရှမ်းမင်းလမ်းကူး စတဲ့ ကျေးရွာ များက ပြည်သူများဟာ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ အရေးပေါ်အခြေအနေများမှာ သွားဖို့လာဖို့ လည်းခက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ကျေးလက်ဦးစီးဌာနကို ပြုပြင်ပေးဖို့ တင်ပြတဲ့အခါ ကြတော့ ဒါဟာ လျှပ်စစ်ဝန်ကြီးဌာနပိုင်တဲ့ လမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ လုပ်ဆောင်လို့ မရပါဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းနှင့် ပတ်သက်ပြီးတော့ ဝန်ကြီးဌာနကနေပြီးတော့ ပြန်လည်ပြင်ဆင်ပေးဖို့ အစီအစဉ် ရှိ/မရှိကို ကျွန်တော် မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ညောင်ပင်သာ- စိမ့်ကြီးလမ်း ပျက်စီးနေတာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ ပြင်ဆင်ပေးဖို့ အစီအစဉ် ရှိ/မရှိ၊ ရှိမယ်ဆိုလို့ရှိရင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်ဆိုတာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းတဲ့ တမူးခရိုင်၊ ခမ်းပါတ်မြို့မှာရှိတဲ့ ရပ်ကွက်(၄)ရပ်ကွက်စလုံးကို လွှမ်းခြုံပြီးတော့ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ဦးစွာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တမူးခရိုင်၊ ခမ်းပါတ်မြို့ပေါ်မှာ မြို့ပေါ်ရပ်ကွက်က (၅)ရပ်ကွက်ရှိတာ ဖြစ်ပါတယ်။ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်အတွင်းမှာရှိတဲ့ အိမ်ထောင်စုဦးရေ (၂၆၀၀)ခန့်အနက်ကနေပြီးတော့ အိမ်ထောင်စု(၃၂၃)စုကို ဒီဇယ်ဓာတ်အားပေးစက်နဲ့ လျှပ်စစ်ဓာတ်အား ပေးထားနိုင်ပြီးတော့ အမှတ်(၅)ရပ်ကွက်မှာရှိတဲ့ အိမ်ထောင်စုဦးရေအနက်ကတော့ အိမ်ထောင်စုဦးရေ(၈၁)ဦးကို ဒီဇယ် ဓာတ်အားပေးစက်နဲ့ ဓာတ်အားပေးထားနိုင်တာ ဖြစ်ပါတယ်။

ခမ်းပါတ်မြို့ကို လျှပ်စစ်ဓာတ်အား၊ မဟာဓာတ်အားလိုင်း စနစ်ကနေ ဓာတ်အားပေးဖို့ ဆိုလို့ရှိရင် သူ့ကို အနီးဆုံးလျှပ်စစ်ဓာတ်အားပေးနိုင်မယ့် ပင်မဓာတ်အားခွဲရုံကြီးရဲ့ တည်နေရာနှင့် အကွာအဝေး မည်မျှကွာဝေးတယ်ဆိုတာကို ကျွန်တော်တို့ တွက်ချက်ရတာဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါ ခင်ဗျား။ လက်ရှိ ကျွန်တော်တို့ ကလေးမှာ တည်ဆောက်နေတဲ့ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံကနေ တိုင်းတာခဲ့မယ်ဆိုရင် ခမ်းပါတ်မြို့ကို (၅၅)မိုင် ကွာဝေးပြီးတော့ တမူးမြို့မှာ နောင်ကို တည်ဆောက်မယ့် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံကနေ တိုင်းတာရင် အကွာအဝေး(၃၅)မိုင်ခန့် ကွာဝေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ခမ်းပါတ်မြို့ကို နောင်တစ်ချိန်မှာ ဓာတ်အားပေးခဲ့ရင်တောင် ဗို့အားပြည့်ပြည့်ဝဝ ကောင်းကောင်းမွန်မွန်နှင့် ဓာတ်အားဖြန့်ဖြူးပေးဖို့ဆိုရင် တမူးမြို့ကနေ ဓာတ်အားပေးတာ ပိုပြီးအဆင်ပြေတာ ဖြစ်ပါတယ်။ တမူးမြို့မှာ ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံကြီးတစ်ရုံ တည်ဆောက်ဖို့ ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အဆိုပါ ကလေး-တမူး ဓာတ်အားလိုင်းနှင့် တမူးပင်မဓာတ်အားခွဲရုံကြီး တည်ဆောက်ခြင်းကို ဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ငွေလျာထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပုံမှာဆိုရင် အနီရောင် Line နဲ့ တင်ပြထားတဲ့ ဓာတ်အားလိုင်းနှင့် အပေါ်က တြိဂံအနီရောင်လေးနဲ့ ခွဲရုံကို ကျွန်တော်တို့ အရင်ဦးစွာ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ တမူးမှာ ၂၃၀ ကေဗွီကနေ ၆၆ ကေဗွီကိုချတဲ့ ခွဲရုံကြီးတည်ဆောက်ပြီးစီးသွားတဲ့အခါ တမူးမှသည် ခမ်းပါတ်မြို့ကို ၆၆ ကေဗွီလိုင်း အစိမ်းရောင် Line နဲ့တင်ပြထားတဲ့လိုင်းရယ် အစိမ်းရောင်တြိဂံပုံလေးနဲ့ တင်ပြထားတဲ့ ခွဲရုံရယ်ကို ကျွန်တော်တို့ ဆက်လက်တည်ဆောက်ပြီး သွားရပါမယ်။ ဒါကြောင့် ခမ်းပါတ်မြို့ကို လျှပ်စစ်

ဓာတ်အားပေးဖို့ရာ ကလေး-တမူး၊ ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် တမူးပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့အချိန်မှာ ဆက်လက်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း မေးမြန်းတဲ့ ညောင်ပင်သာ-စိမ့်ကြီးလမ်း ပျက်စီးနေတာကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုပါလမ်းကို ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ တည်ဆောက်သွားတဲ့ စီမံကိန်းတည်ဆောက်ရေးလမ်းဖြစ်ခဲ့ပါတယ်။ အဲဒီ စီမံကိန်းပြီးစီးသွားတဲ့အခါမှာ လမ်းထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အဲဒီအခါမှာ စီမံကိန်းပြီးသွားတဲ့အခါမှာ ယာဉ်ကြီးယန္တရားများ အသုံးပြုခြင်းမရှိတော့တဲ့အတွက်ကြောင့် ပုံမှန်အားဖြင့် သာမန်ပြုပြင်ထိန်းသိမ်းမှု အဆင့်နှင့်ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်မှာ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ စိုက်ပျိုးမြေဧရိယာအချို့ကို စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ဆိုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်တဲ့ မြတ်အိန္ဒြေကုမ္ပဏီကို တာဝန်ပေးခဲ့တဲ့အတွက်ကြောင့် သူတို့က အဲဒီလမ်းရဲ့ထိပ်မှာ အခြေစိုက်ဝင်းကြီး တည်ဆောက်ပြီးတော့ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ ညောင်ပင်သာလမ်းခွဲကနေ စိမ့်ကြီးအထိ လမ်းပိုင်းကို အသုံးပြုပြီး အဆောက်အအုံတွေ တည်ဆောက်ကြရာမှာရော စက်ပစ္စည်းတွေသယ်ဆောင်ရာမှာ သံထည်ပစ္စည်းတွေ၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်စရစ် စတာတွေ ဆောင်ရွက်ကြတဲ့အတွက်ကြောင့် ကွန်ကရစ်ဖျော်စက်ကြီးတွေလည်း၊ ဝိတ်လေးတဲ့ ကွန်ကရစ်ကားကြီးတွေ ဖြတ်သန်းသယ်ဆောင်ခြင်း၊ Hydraulic Excavator နှင့် Dozer စက်ကြီးတွေ မောင်းနှင်ခြင်းကြောင့် အဆိုပါလမ်းဟာ ပျက်စီးခဲ့ရတာ ဖြစ်ပါတယ်။

အဆိုပါချဉ်းကပ်လမ်း ပျက်စီးနေတဲ့အတွက်ကြောင့် ပြန်လည်ပြုပြင်ပေးဖို့ ဆိုပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံသို့ ၁၁-၉-၂၀၁၇ ရက်နေ့က စာဖြင့် ညှိနှိုင်းအကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။ ထိုသို့ စာနှင့်ညှိနှိုင်းအကြောင်းကြားခဲ့တဲ့ အတွက်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ မြတ်အိန္ဒြေကုမ္ပဏီကို ထပ်မံပြီး အကြောင်းကြားခဲ့တယ်လို့ သိရှိရပါတယ်။ မြတ်အိန္ဒြေကုမ္ပဏီထံကနေပြီးတော့ ၁-၁-၂၀၁၈ ကနေ ၁၅-၁-၂၀၁၈ ရက်အတွင်းမှာ ပြန်လည်ပြုပြင်ပြီးဖြစ်ပါကြောင်း ဆိုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မိမိတို့ဝန်ကြီးဌာနကို စာဖြင့် ပြန်လည်အကြောင်းကြားလာခဲ့ပါတယ်။ ထိုသို့ ပြန်လည်အကြောင်းကြားလာခဲ့တဲ့အပေါ်မှာ မိမိတို့ဝန်ကြီးဌာနက လူလွှတ်ပြီးတော့ ပြန်လည်စစ်ဆေးစေတဲ့အခါမှာ လမ်းကိုပြုပြင်ထားတဲ့အချက်အလက်ဟာ အခုကျင်းတွေ၊ ချိုင့်တွေ ဖြစ်ပေါ်နေတဲ့ဟာကို သာမန်မြေညှိတဲ့စက်ကလေးနဲ့ဆွဲပြီး ညှိထားတဲ့အခြေအနေကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

သို့အတွက်ကြောင့် အဆိုပါလမ်းကို အောက်ခံ အမာခံကောင်းမွန်တဲ့ ကျောက်ခင်းလမ်းအဖြစ် ပြန်လည်ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးဖို့အတွက်ကိုလည်း မိမိတို့ဝန်ကြီးဌာနကနေပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို စာဖြင့် ထပ်မံညှိနှိုင်း အကြောင်းကြားထားပြီး လက်ရှိအခြေအနေမှာတော့ အဆိုပါကုမ္ပဏီက လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးတင်အောင်ထွန်း (အဖွဲ့ဝင်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယ နှစ်ပတ်လည်ကာလအတွင်း ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယနှစ်ပတ်လည်ကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### နိဒါန်း

၁။ မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် ခေါင်းစဉ်၊ ကဏ္ဍပေါင်းစုံဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြသော အရပ်ဘက်အဖွဲ့အစည်းများကို အားပေးကူညီကာ လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် အဖွဲ့အစည်းများ ဖြစ်လာအောင် ကူညီပေးနိုင်ရန် ကော်မတီ၏ အခန်းကဏ္ဍတစ်ရပ်အဖြစ်နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### ရည်ရွယ်ချက်

၂။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်။

### ကော်မတီဖွဲ့စည်းခြင်း

၃။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို အမျိုးသားလွှတ်တော်၏ ၁၇-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၆)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၁၄-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)ဖြင့် ကော်မတီဝင် အစားထိုးပြောင်းလဲကာ သက်တမ်းတိုး ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

### အစည်းအဝေးများကျင်းပခြင်း

၄။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန် အစည်းအဝေးစတင်သည့်နေ့မှ အစီရင်ခံစာတင်သွင်းသည့်နေ့အထိ ကော်မတီအစည်းအဝေး(၉)ကြိမ်၊ ဝန်ကြီးဌာနများနှင့်အစည်းအဝေးများ(၅)ကြိမ်၊ INGOs,NGOs အဖွဲ့အစည်းများနှင့် အစည်းအဝေးများ (၃)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

### ကော်မတီ၏ဆောင်ရွက်ချက်များ

၅။ ကော်မတီသို့ ရောက်ရှိလာသော တိုင်စာများကို စိစစ်ဆောင်ရွက်ခြင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပြည်သူလူထုကိုပံ့ပိုးရာတွင် အဆင်ပြေ ချောမွေ့စေရန် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ၂၀-၆-၂၀၁၇၊ ၂၁-၆-၂၀၁၇ နဲ့ ၂၂-၆-၂၀၁၇ ရက်နေ့များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ၎င်းဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်း (၅၃)ဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနဲ့ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ၂၂-၁၁-၂၀၁၇ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနနဲ့ MoU လက်မှတ်

ရေးထိုးထားသော INGOs အဖွဲ့(၁၀)ဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

၆။ ကော်မတီ၏ လေ့လာတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

(က) ကော်မတီအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံအစည်းအဝေး ပြုလုပ်ခဲ့သည့်အပေါ် လေ့လာတွေ့ရှိချက်များကို ကြားဖြတ်အစီရင်ခံစာတွင် (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့) က လွှတ်တော်သို့ တင်ပြထားခဲ့ပါတယ်။

(ခ) ပညာရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs များသည် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကော်မတီအနေဖြင့် လေ့လာတွေ့ရှိရပါတယ် -

(၁) ၎င်းတို့၏စီမံချက်ပါဒေသအတွင်းရှိ ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများကို ဦးတည်၍ အမျိုးသမီးနှင့်လူငယ်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်နဲ့ စွမ်းရည်မြင့်မားလာစေရန် ကူညီခြင်း၊ လုပ်ငန်းသုံးကိရိယာများ ထောက်ပံ့ပေးခြင်း။

(၂) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများနဲ့ နည်းပညာသစ်များ၊ လေ့လာနိုင်ရန် သင်တန်းများဖွင့်လှစ်ခြင်း၊ ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း။

(၃) အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသအစွန်အဖျားရှိ အစိုးရ၏ ပညာသင်ကြားမှု လက်လှမ်းမမီ၍ လစ်ဟာနေသော နေရာဒေသများသို့ ဝင်ရောက်၍ မူလတန်းပညာရေးကို သင်ကြားပေးခြင်း။

(၄) သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်နဲ့ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို (Training of Trainer – TOT) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အင်္ဂလိပ်စာ ကျွမ်းကျင်မှုတိုးတက်အောင် သင်ကြားပေးခြင်း။

(၅) စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒွန်တွဲဆောင်ရွက်ခြင်း။

(၆) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သော စာသင်ကျောင်းများကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(၇) မသန်စွမ်းသည့် ကလေးသူငယ်များ ပညာသင်ယူမှု နှောင့်နှေးခြင်းမရှိစေရန် မသန်စွမ်းမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ပေးခြင်း။

(၈) ဥပဒေကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြား၍ သရုပ်ပြတရားခွင်များ ပြုလုပ်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေး Center များတွင် ကွင်းဆင်း လေ့လာစေခြင်း၊ နိုင်ငံခြားသားဥပဒေပညာရှင်များမှ လာရောက်ဆွေးနွေး ပို့ချခြင်း၊ လူရွေးချယ်၍ နိုင်ငံခြားသို့ လေ့လာရေးခရီးစဥ်များ စီစဥ် ဆောင်ရွက်ပေးခြင်း။

(၉) ဆရာ၊ ဆရာမများ၏ သင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ် များကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ဆောင်ရွက်ခြင်း။

(၁၀) ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်တို့ နှင့် ပေါင်းစပ်၍ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု စီမံကိန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း။

(၁၁) တက္ကသိုလ်၊ ကောလိပ်များတွင် သုတေသနဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို လှူဒါန်းခြင်း။

(ဂ) ဝန်ကြီးဌာနအသီးသီးနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်း အသီးသီးသည် Donor (အလှူရှင်) စိတ်ပါဝင်စားသည့် နယ်မြေကိစ္စရပ်များ အပေါ်တွင်သာ စီမံကိန်းများ ရေးဆွဲတင်ပြပြီး ဘဏ္ဍာငွေရရှိအောင် တောင်းခံရ သဖြင့် ထိုအလှူငွေများသည် ပြည်သူလူထု အမှန်တကယ်လိုလားသည့် ကိစ္စရပ်များ ထက် အလှူရှင်အဖွဲ့အစည်းနဲ့ INGOs များ၏ စိတ်ဝင်စားသည့် ဒေသနှင့် လုပ်ငန်း များတွင်သာ သုံးစွဲနေရသည်ကို လေ့လာတွေ့ရှိရပါတယ်။

**သုံးသပ်ချက်နှင့် အကြံပြုချက်များ**

၇။ ကော်မတီ၏ သုံးသပ်ချက်နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) INGOs များ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များမှာ ကောင်းမွန်ပြီး နိုင်ငံ့ အတွက် အထောက်အကူနှင့် အကျိုးကျေးဇူးများ အထိုက်အလျောက် ရရှိစေ ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(ခ) INGOs များအနေဖြင့် မြေပြင်တွင် လုပ်ငန်းများကို ဆောင်ရွက်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေဒေသအုပ်ချုပ်ရေးမှူးများ၊ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပါက အမှန် တကယ်လိုအပ်သည့် နေရာဒေသများသို့ ပိုမိုထိရောက်စေနိုင်မည်ဖြစ်ကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

(ဂ) INGOs များအနေဖြင့် နယ်မြေဒေသများတွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ဒေသခံ များတွင် လူ/ ပစ္စည်းအရင်းအမြစ် အားနည်းခြင်း၊ ဆရာ၊ ဆရာမများ ရွေးချယ် ခန့်အပ်ရာတွင် တိုင်းရင်းသား ဘာသာစကား တတ်ကျွမ်းမှုအားနည်းခြင်း၊ မိဘများ ၏ အသိဉာဏ်ဗဟုသုတနည်းပါးခြင်းနှင့် စားဝတ်နေရေး အခက်အခဲများကြောင့်

သင်တန်းများသို့ မတက်ရောက်နိုင်ခြင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အာဏာပိုင်များထံမှ ပံ့ပိုးကူညီမှုရရှိရန် လိုအပ်ခြင်းစသည့် အခက်အခဲများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(ဃ) ဝန်ကြီးဌာနများအနေဖြင့် မိမိတို့နှင့် MoU လက်မှတ်ရေးထိုးထားသည့် INGOs များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ပေးခြင်း၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် မှတ်တမ်းတင်၍ အားသာချက်၊ အားနည်းချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်သင့်ကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(င) INGOs များရဲ့ မှတ်ပုံတင်သက်တမ်းနှင့် MoU သက်တမ်းမတူညီခြင်းကြောင့် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(စ) INGOs, NGOs များ၏ လှူဒါန်းငွေများကို ထိရောက်မှန်ကန်စွာသုံးစွဲနိုင်ရန် နိုင်ငံတကာတွင် INGOs များနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်သင့်ကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(ဆ) နိုင်ငံတကာမှ အလှူရှင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများကို ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရန် စီမံကိန်းများရေးဆွဲရာတွင် ပါဝင်သင့်ပါဝင်ထိုက်သည့် နယ်ပယ်စုံမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် အတတ်နိုင်ဆုံးထိတွေ့ပြီး ဦးစားပေးအဆင့်အလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်မည်ဆိုပါက ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာနိုင်မည်ဟု အကြံပြုတင်ပြအပ်ပါတယ်။

## နိဂုံး

၈။ INGOs အဖွဲ့အစည်းများအနေနှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့် ဆောင်ရွက်ရာတွင် ပါဝင်လာနိုင်ခဲ့ကြသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်များအထိ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ မူဝါဒများချမှတ်ရာ၌ ပိုမိုအားကောင်းလာစေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ INGOs အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ
အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာ ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးခင်မျိုးဝင်း (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၁/၂၀၁၈)ကို အနှစ်ချုပ် တင်သွင်းသွားမှာဖြစ်ပြီး စာရင်းဇယားများကို Power Point ဖြင့် တင်ပြသွားမှာ ဖြစ်တဲ့အတွက် Power Point အသုံးပြုခွင့် ပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ ခွင့်တောင်းခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ( ၁ /၂၀၁၈)

### နိဒါန်း

၁။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီသည် ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ဆိုသကဲ့သို့ မိမိတို့ထမ်းဆောင်ရမည့် တာဝန်များအား ပြည်သူကိုမျက်နှာမူလျက် ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ ပြည်သူများက လွှတ်တော်သို့ အားကိုးတကြီးဖြင့် တင်ပြလာသော တိုင်ကြားစာများ၏ မှန်ကန်မှု ရှိ/မရှိကို လေ့လာစိစစ်ခြင်း၊ သက်ဆိုင်ရာ တရားရုံး တစ်ခုခုက ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ မှန်ကန်သော တိုင်ကြားချက် များအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာဌာနများသို့ တရား ဥပဒေနှင့်အညီဖြစ်စေရေး ညှိနှိုင်းပေးခြင်း၊ မှန်ကန်မှုမရှိသော တိုင်ကြားစာများကို လိုအပ်သလို ရှင်းလင်း ပြန်ကြားပေးခြင်း၊ နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်စေမည့်ကိစ္စရပ်များ ဖြစ်ပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ကွင်းဆင်းလေ့လာ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများဖြင့် ကျရာကဏ္ဍမှ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

### ရည်ရွယ်ချက်

၂။ ပြည်သူများမှ အားကိုးတကြီး တင်ပြလာသည့် တိုင်ကြားစာများကို လေ့လာသုံးသပ်၍ စိစစ် တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှု ခံယူပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ပေးပို့ညှိနှိုင်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးလျက် ရှိပါတယ်။

### ကော်မတီဖွဲ့စည်းခြင်းနှင့် အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း

၃။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီကို အမျိုးသား လွှတ်တော်ရုံး၏ ၂၃-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆)ဖြင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦး၊ တပ်မတော်သားကိုယ်စားလှယ်(၁)ဦး စုစုပေါင်း(၁၅)ဦးဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည့် နေ့မှစ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ကော်မတီ၏ အစီရင်ခံစာတွင် တိုင်ကြားစာများ လက်ခံရရှိမှု၊ ဆောင်ရွက်မှု၊ ကော်မတီအစည်းအဝေးများ ပြုလုပ်မှု၊ ကွင်းဆင်းလေ့လာခဲ့မှု၊ ကွင်းဆင်းလေ့လာမှု ပြုလုပ်သည့်ရက်တွင် နှစ်ဖက်အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့် ဖိတ်ခေါ်ကြားနာမှု ဆောင်ရွက်ခြင်းများအား အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါတယ်။ ၃-၂-၂၀၁၆ ရက်နေ့မှ ၃၁-၁-၂၀၁၈ ရက်နေ့အထိ ကော်မတီမှ လက်ခံရရှိခဲ့သည့် တိုင်ကြားစာ စုစုပေါင်းကို Slide 1 ဖြင့် တင်ပြအပ်ပါတယ်။

## ကော်မတီမှ ဆောင်ရွက်သည့် လုပ်ငန်းကိစ္စရပ်များ

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့လာသော တိုင်ကြားစာပေါင်း (၃၁၁၃)စောင်၊ တိုင်ကြားစာကော်မတီဥက္ကဋ္ဌထံ ပေးပို့လာသော တိုင်ကြားစာပေါင်း (၂၀၉၉)စောင်၊ စုစုပေါင်း(၅၂၁၂) စောင် ဖြစ်ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့် အမှုတွဲများစာရင်းကို Slide 2 ဖြင့် တင်ပြအပ်ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့သည့် အမှုတွဲ စုစုပေါင်း(၉၁)စောင်၊ ပြန်ကြားသည့် အမှုတွဲ(၄၄)စောင်၊ ပြန်ကြားရန်ကျန် အမှုတွဲ(၄၅)စောင် ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန(၁၈)ခုသို့ ပေးပို့ခဲ့သည့် အမှုတွဲ(၁၉၅)တွဲ ပေးပို့ခဲ့ပြီး ပြန်လည် တင်ပြခဲ့သည့် အမှုတွဲ (၈၄)တွဲဖြစ်၍ ပြန်လည်တင်ပြရန်ကျန် အမှုတွဲ (၁၁၁)တွဲစာရင်းကို Slide 3, Slide 4, Slide 5 ဖြင့် တင်ပြအပ်ပါတယ်။

၅။ ယင်းတို့အနက်မှ သမ္မတရုံးဝန်ကြီးဌာနသို့ တိုင်ကြားစာ(၁၃)စောင် ပေးပို့ခဲ့ပြီး ပြန်လည် ပေးပို့လာသည့် အမှုတွဲမရှိပါ။ ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားစာပေါင်း(၈၀) ပေးပို့ခဲ့ပြီး ပြန်လည်ပေးပို့ခဲ့သည့် အမှုတွဲပေါင်းမှာ (၂၄)စောင်၊ ကျန်ရှိသည့် အမှုတွဲပေါင်း(၅၆)စောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်သို့ ပြန်လည်တုံ့ပြန်မှုမှာ (၄၃)ရာခိုင်နှုန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ (၇)ဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့(၆)ဖွဲ့သို့ အမှုတွဲပေါင်း(၃၅၇)တွဲ ပေးပို့နိုင်ခဲ့ပြီး ပြန်လည်တင်ပြခဲ့သည့် အမှုတွဲ(၈၇)တွဲဖြစ်၍ ပြန်လည်တင်ပြရန်ကျန် အမှုတွဲ(၂၇၀)စာရင်းကို Slide 6, Slide 7 ဖြင့် တင်ပြ အပ်ပါတယ်။

၆။ မန္တလေးတိုင်းဒေသကြီးသို့ တိုင်ကြားစာပေါင်း (၆၀)ပေးပို့ခဲ့သည့်အနက်မှ (၁၅)စောင်သာ ပြန်လည်ပေးပို့ခဲ့ပြီး ကျန်ရှိသည့် အမှုတွဲပေါင်း(၄၅)စောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးသို့ တိုင်ကြားစာပေါင်း(၇၈)စောင် ပေးပို့ခဲ့သည့်အနက်မှ (၂၅)စောင်သာ ပြန်လည်ပေးပို့ခဲ့ပြီး ကျန်ရှိသည့် အမှုတွဲပေါင်း(၅၃)စောင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးသို့ အမှုတွဲပေါင်း (၄၄)စောင် ပေးပို့ခဲ့ သည့်အနက်မှ (၇)စောင်သာ ပြန်လည်ပေးပို့ခဲ့ပြီး ကျန်ရှိသည့် အမှုတွဲပေါင်း(၃၇)စောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်သို့ ပြန်လည်တုံ့ပြန်မှုမှာ (၅၄)ရာခိုင်နှုန်းရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

၇။ ကော်မတီသည် လွှတ်တော်သက်တမ်း(၂)နှစ်အတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြု ချက်အရ တိုင်ကြားသူ ကာယကံရှင်များထံသို့ အကြောင်းပြန်ကြားစာ (၂၄၇)စောင် ပြန်ကြားပေးခြင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုနဲ့ ပတ်သက်သည့်တိုင်ကြားစာ(၆၆၅)စောင်ကို စိစစ်ပြီး လမ်းညွှန်ချက်နဲ့အညီ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ လွှဲပြောင်း ပေးပို့နိုင်ခဲ့ပါတယ်။

## ကော်မတီ၏ဆောင်ရွက်ချက်များကို သုံးသပ်ခြင်း

၈။ ပြည်သူများမှ တိုင်ကြားလာသည့် တိုင်ကြားစာများကို ကော်မတီမှ လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်များအား တိုင်ကြားစာနှင့်အတူ ပူးတွဲပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ သဘောထားမှတ်ချက်များရယူပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လိုအပ်သလို ဆက်လက် အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ခဲ့သော်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်

ဆောင်ရွက် ပြီးစီးမှုများအား အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြနိုင်မှု မရှိခြင်း၊ ဆောင်ရွက်ပြီးစီးမှုများအား ပြန်လည်တင်ပြရာတွင်လည်း ဆောင်ရွက်မှုအချို့သည် အားရကျေနပ်ဖွယ်မရှိခြင်း၊ လက်အောက်ဌာနများမှ တင်ပြချက်များအတိုင်း ပြန်လည်တင်ပြခြင်းတို့ကြောင့် အရေးယူဆောင်ရွက်မှုများသည် သက်ရောက်မှု အားနည်းနေသဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

## ကော်မတီ၏ အကြံပြုတင်ပြချက်နှင့် နိဂုံး

၉။ ပြည်သူများမှ ယုံကြည်အားကိုးစွာဖြင့် တင်ပြလာသည့်အတွက် မှန်ကန်လျင်မြန်စွာ အလေးထား ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးကလည်း ကျွန်တော်တို့၏ ကော်မတီနှင့်အတူ လက်တွဲပြီး အခုထက်ပိုမိုပူးပေါင်း၍ သွက်လက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ပြည်သူတို့၏ လိုလားချက်၊ နစ်နာချက်များကို ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း နိဂုံးချုပ်အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကော်မတီ၏ကိုယ်စား ကျေးဇူးတင်ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ

တိုင်ကြားစာများ၊ တင်ပြစာများ၊ အသနားခံစာများ လက်ခံရရှိမှုအခြေအနေပြပုံ (နန)

(၃-၂-၂၀၁၆ ) ရက်နေ့မှ (၃၁-၁-၂၀၁၈) ရက်နေ့အထိ ပြည်သူများထံမှ
တိုင်ကြားစာများ၊ တင်ပြစာများ၊ အသနားခံစာများ လက်ခံရရှိမှု အခြေအနေ

| ခုနှစ် | အမျိုးသား ဥတ္တန | တိုင်ကြားစာ ဥတ္တန | စုစုပေါင်း |
|---|---|---|---|
| ၃-၂-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ ထိ | ၁၇၇၇ | ၁၀၇၈ | ၂၈၅၅ |
| ၁-၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ | ၁၃၄၁ | ၈၉၃ | ၂၂၃၄ |
| ၁-၁-၂၀၁၈ မှ ၃၁-၁-၂၀၁၈ ထိ | ၃၅ | ၁၂၈ | ၁၆၃ |
| စုစုပေါင်း | ၃၁၅၃ | ၂၀၉၉ | ၅၂၅၂ |

သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့်အမှုတွဲများစာရင်းပြပုံ (နန-၁)

(၃-၂-၂၀၁၆) ရက်နေ့မှ (၃၁-၁-၂၀၁၈)ရက်နေ့အထိ
သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့် အမှုတွဲများစာရင်း

| စဉ် | သက်ဆိုင်ရာအာဏာပိုင်/အဖွဲ့အစည်းများ | ပေးပို့အမှုတွဲ | ပြန်ကြားအမှုတွဲ | ပြန်ကြားရန်ကျန်အမှုတွဲ |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၄၃ | ၂၀ | ၂၃ |
| ၂ | ပြည်ထောင်စုရှေ့နေချုပ် | ၁၃ | ၉ | ၄ |
| ၃ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ၁ | ၁ | - |
| ၄ | နေပြည်တော်ကောင်စီ | ၁၀ | ၄ | ၆ |
| ၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၂၁ | ၇ | ၁၄ |
| ၆ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | ၁ | ၁ | - |
| ၇ | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ၂ | ၂ | - |
| | စုစုပေါင်း | ၉၁ | ၄၄ | ၄၇ |

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ ကွင်းဆင်းလေ့လာစဉ် မြင်ကွင်းပုံ (နန-၂)



**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါ်ရှားမူ (အဖွဲ့ဝင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**
။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ၊ ဝန်ထမ်းများအားလုံး မင်္ဂလာပါရှင်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းမည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ၇-၈-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို နိုင်ငံတော်အတွင်းရှိ သဘာဝသယံဇာတများ အခြေအနေသိရှိရန်နှင့် ဒေသတွင်း နေထိုင်လျက်ရှိကြသော ပြည်သူလူထုအနေဖြင့် သယံဇာတများအား ဥပဒေနှင့်အညီ ထုတ်လုပ်ခံစားခွင့် ရရှိနိုင်ရေးနှင့် အခြေခံလူတန်းစားတို့၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားလာစေရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကာလအတွင်း ကော်မတီ၏ ၇-၈-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအကျဉ်းချုပ်ကို ပြုစုတင်ပြခြင်းဖြစ်ပါတယ်ရှင်။

**ရည်ရွယ်ချက်**

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖြစ်ထွန်းလျက်ရှိသော သဘာဝသယံဇာတများ၊ သတ္တုများ၊ သစ်ပင်၊ သစ်တောများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ၊ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့များကို မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ထုတ်လုပ်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများမှ

သိရှိပြီး သယံဇာတ တူးဖော်လုပ်ကိုင် ရောင်းချရေးလုပ်ငန်းများအား ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ကော်မတီအဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ကော်မတီအဖွဲ့ဝင် အပြောင်းအလဲအနေဖြင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့် အစား ဗိုလ်မှူးကြီးသန်းဌေး အား ပြောင်းလဲသည်မှလွဲ၍ ကျန်ကော်မတီဝင်များအားလုံး ယခင်အတိုင်း ဖြစ်ပါတယ်ရှင်။

**ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၅။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် အသေးစိတ်ကိုတော့ မဖတ်တော့ဘဲ ကော်မတီ၏ လုပ်ဆောင်မှုများကိုသာ တင်ပြပါမယ်။

**ကော်မတီအစည်းအဝေးကျင်းပခြင်း**

၆။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၇-၈-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ အစည်းအဝေးအကြိမ် စုစုပေါင်း အကြိမ် (၂၀) ပြုလုပ်ခဲ့ပါတယ်။

**ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ပြည်ပတွေ့ဆုံမှု၊ ပြည်တွင်းတွေ့ဆုံမှု**

၇။ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ် အင်္ဂါနေ့တိုင်း ပြုလုပ်ပြီး စုစုပေါင်း (၁၂) ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ပြည်ပတွေ့ဆုံမှုအဖြစ် British Embassy Yangon, Head of Prosperity Department မှ Ms.Claire Kikham က တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြပါတယ်။

ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအနေဖြင့် (၇)ကြိမ်ရှိပါတယ် -

(က) ကြားဖြတ်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ (Interim Task Force ITF) က ၂၀၁၇ ခုနှစ်၊ သစ်တောဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ လာရောက်ရှင်းလင်း တင်ပြပါတယ်။

(ခ) မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်မြို့၏ Valentis & Coffey Company မှ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွက် ရေးဆွဲနေသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စပ်လျဉ်း၍ လာရောက်ရှင်းလင်း တင်ပြခဲ့ပါတယ်။

(ဂ) Mingalar Myanmar မှ နိုင်ငံတကာအဆင့်မီ ဆင်စခန်းထူထောင်ရေးနှင့် တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးကိစ္စများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လာရောက်ရှင်းလင်း တင်ပြခဲ့ပါတယ်။

(ဃ) ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှုအဖွဲ့က လက်ရှိပြင်ဆင်ရေးဆွဲလျက်ရှိသော သစ်တောဥပဒေနှင့် စပ်လျဉ်း၍ လာရောက် ရှင်းလင်းတင်ပြပါတယ်။

(င) Smithsonian Conservation Biology Institute အဖွဲ့က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော တောဆင်ရိုင်းနှင့် လူသားများ ပဋိပက္ခလျှော့ချနိုင်ရေးအတွက် လုပ်ငန်းများမှရရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ လာရောက် ရှင်းလင်း တင်ပြခဲ့ပါတယ်။

(စ) နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော EITI လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လာရောက်ရှင်းလင်းတင်ပြခဲ့ပါတယ်။

(ဆ) မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် Mining Cadastre နှင့် စပ်လျဉ်း၍ လာရောက်ရှင်းလင်း တင်ပြခဲ့ပါတယ်။

**ကော်မတီ၏ ကွင်းဆင်းဆောင်ရွက်မှုများ**

၈။ (က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေအား အတည်ပြုထားပြီးဖြစ်သော်လည်း နည်းဥပဒေ မထွက်ရှိသေးဘဲ သတ္တုလုပ်ကွက်၊ ကျောက်မျက်လုပ်ကွက်များနှင့် ပတ်သက်၍ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ လုပ်ဆောင်နေသည်ကို တွေ့ရပါတယ်။

(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ရည်ရွယ်ချက်၊ ကျိုးကြောင်းဖော်ပြချက်တို့နှင့်အတူ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂(ခ) အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ၁၅-၂-၂၀၁၇ ခုနှစ်တွင် ဥပဒေကြမ်း တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ သက်ဆိုင်ရာပုဂ္ဂိုလ်များအား ခေါ်ယူ၍ ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး အမျိုးသားလွှတ်တော်သို့ တင်သွင်းဆွေးနွေး အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

(ဂ) အဆိုပါ ဥပဒေကြမ်းအား ၃-၈-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားပြီး ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အနေဖြင့် ကွင်းဆင်းလေ့လာမှု(၃)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

(၁) ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာ သတ္တုတူးဖော်မှုနှင့်စပ်လျဉ်းသည့် တိုင်ကြားစာကိစ္စ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၂) စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာ အုပ်စုမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာကိစ္စ ကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၃) တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာနှင့် ကာပေါက်ကျေးရွာမှ သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာကိစ္စတို့ ဖြစ်ပါတယ်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ ပြည်ပခရီးစဉ်သွားရောက်ခြင်း**

၉။ (က) ကော်မတီအတွင်းရေးမှူး စခင်ဖော်လင်းသည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်သည့် Fostering Peaceful and Inclusive Societies in South Asia: The role of religious leader and actors အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

(ခ) ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ကျင်းပသည့် International Visitor Leadership Program သို့ တက်ရောက်ခဲ့ပါသည်။

(ဂ) ကော်မတီအဖွဲ့ဝင် ဦးရဲထွဋ်သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များ ဖွံ့ဖြိုးတိုးတက်စေရေး မည်သို့လုပ်ဆောင်နေသည်ကို လေ့လာရန် သွားရောက်ခဲ့ပါတယ်။

**ကော်မတီ၏ လေ့လာတွေ့ရှိချက်**

၁၀။ ကော်မတီ၏ လေ့လာတွေ့ရှိချက်အနေဖြင့် ပြည်သူများ၏ တိုင်ကြားစာနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ၏ လမ်းညွှန်မှုအရ ပေးပို့ရာတွင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား အကြောင်းပြန်ကြားပေးပါရန် ဖော်ပြပေးထားခြင်း ဖြစ်ပါတယ်။ ဥပမာအနေဖြင့် မိမိတို့ကော်မတီသို့ တိုင်ကြားလာသည့် စာများနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့် အညီဆောင်ရွက်ရန် ဒေသခံများနှင့် ကုမ္ပဏီအား ညှိနှိုင်းပေးခဲ့ပါတယ်။ သို့သော် တချို့ကုမ္ပဏီမှ ညှိနှိုင်း လက်ခံ သဘောတူခဲ့သည့်အချက်များကို အမှန်တကယ် လိုက်နာဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ဒေသခံ ပြည်သူများက ကော်မတီသို့ ထပ်မံတိုင်ကြားခဲ့မှုများလည်း ရှိခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ကော်မတီ၏ အကြံပြုချက်အား ပေးပို့ဆောင်ရွက် နေရခြင်း ဖြစ်ပါတယ်။

**ကော်မတီ၏ အကြံပြုချက်**

၁၁။ ကော်မတီအနေဖြင့် နိုင်ငံသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲတရားဥပဒေများနှင့်အညီ တူညီသောအခွင့်အလမ်းများ ရရှိစေရန် ကူညီဖော်ဆောင်ပေး သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**နိဂုံး**

၁၂။ နိဂုံးချုပ်အားဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၄၇(ဂ) အရလည်းကောင်း၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ အရ ဖွဲ့စည်းထားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုခြင်း၊ အစိုးရ၏လုပ်ငန်းဆောင်တာများအား

စောင့်ကြည့်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများအား လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

**အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာခင်မကြီး (အဖွဲ့ဝင်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ဝန်ထမ်းများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးတွင် ဖတ်ကြားတင်သွင်းမည့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၁၇-၁၀-၂၀၁၇ မှ ၂၈-၂-၂၀၁၈ ထိ)

### နိဒါန်း

၁။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရန် တည်ဆောက်လျက်ရှိရာတွင် အလုပ်သမားများသည်လည်း နိုင်ငံတော်အတွက် အရေးပါသော နိုင်ငံသားများ ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ၁၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ဖြစ်ပါတယ်။

### ကော်မတီဖွဲ့စည်းခြင်း

၂။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဥက္ကဋ္ဌ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)၊ အတွင်းရေးမှူး ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)နှင့် အဖွဲ့ဝင်(၁၂)ဦး၊ စုစုပေါင်း (၁၄)ဦးတို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

### ကော်မတီအစည်းအဝေးများကျင်းပခြင်း

၃။ ကော်မတီသည် -

(က) ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆)ကြိမ်

(ခ) သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး(၅)ကြိမ် စုစုပေါင်း (၁၁)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

### ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း

၄။ ကော်မတီသည် -

(က) ၁၆-၁၁-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် တွေ့ဆုံရာတွင် အလုပ်သမားတရားရုံးများ ထူထောင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ခြေများကို ဆန်းစစ်သုံးသပ်ဆွေးနွေးခြင်း၊ အလုပ်သမားတရားရုံးများ ဖွဲ့စည်းပြီးသွားပါက အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများကို လျင်လျင်မြန်မြန် ဆောင်ရွက်ပေးသွားနိုင်ခြင်းများ စသည်တို့ကို ဆွေးနွေးခဲ့ပါတယ်။

(ခ) ၃၀-၁-၂၀၁၈ ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် အလုပ်သမားအဖွဲ့အစည်းဥပဒေ ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါတယ်။

**ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း**

၅။ ကော်မတီသည် ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရောင်ခြည်သစ်အဖွဲ့နှင့် အမျိုးသမီးများအတွက်လုံခြုံသည့် လုပ်ငန်းခွင်ဆိုင်ရာကိစ္စရပ်များကို ဥပဒေများ၊ မူဝါဒများ ရေးဆွဲပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်၍ အမျိုးသမီးများ၏ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံမှုနှင့် အခွင့်အရေးများကို ဆွေးနွေးခဲ့ပါတယ်။

**ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း**

၆။ ကော်မတီသည် ပြည်ပအဖွဲ့အစည်းများနှင့် အောက်ပါအတိုင်း တွေ့ဆုံခဲ့ပါသည် -

(က) ၁၆-၁၁-၂၀၁၇ နှင့် ၁၂-၁၂-၂၀၁၇ ရက်နေ့များတွင် ILO အဖွဲ့နှင့် အလုပ်သမားဥပဒေကိစ္စရပ်များ၊ ရွှေ့ပြောင်းအလုပ်သမားကိစ္စရပ်များ၊ ကလေးသူငယ် အလုပ်သမားဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ပါတယ်။

(ခ) ၂၀-၂-၂၀၁၈ ရက်နေ့တွင် ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်း၊ ဂျပန်အခြေစိုက်၊ အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှု အဖွဲ့နှင့်တွေ့ဆုံ၍ ရန်ကုန်မြို့တွင်ဖွင့်လှစ်မည့် အောင်ဆန်းကျောင်းစီမံကိန်းနှင့် ဆက်စပ်နေသည့်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ အောင်ဆန်းကျောင်းစီမံကိန်း၏ လတ်တလောအခြေအနေများ၊ စီမံကိန်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် မော်တော်ကားတပ်ဆင်သည့်ပညာရပ်များ၊ လျှပ်စစ်ပစ္စည်းဆိုင်ရာဘာသာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းများ စသည်တို့ကို ဆွေးနွေးခဲ့ပါတယ်။

**ပြည်ပခရီးစဉ်သွားရောက်ခြင်း**

၇။ (က) ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးဥက္ကာမင်းသည် Internationl Labour Organization (ILO) က အီတလီနိုင်ငံ၊ တူရင်မြို့တွင် ၂၃-၁၀-၂၀၁၇ ရက်နေ့မှ ၂၇-၁၀-၂၀၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Building effective labour dispute prevention and resolution systems သို့ တက်ရောက်ခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး၊ အတွင်းရေးမှူး ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ အဖွဲ့ဝင်(၂)ဦးနှင့် မြန်မာ-ဂျပန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး အသင်းအဖွဲ့ဝင်များသည် ၂၅-၁၁-၂၀၁၇ ရက်နေ့မှ ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပသည့် 3rd Industrial Human Resource Development Symposium သို့ တက်ရောက်ခဲ့ပါသည်။

**အထွေထွေတွေ့ဆုံခြင်း**

၈။ ကော်မတီသည် ၂၉-၁-၂၀၁၈ ရက်နေ့တွင် MRTV ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်၍ ကော်မတီဖွဲ့စည်းပုံ၊ ကော်မတီတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ အစည်းအဝေးကျင်းပပုံများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း**

၉။ အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် ၁၇-၁၀-၂၀၁၇ မှ ၂၈-၂-၂၀၁၈ အထိ ပြည်သူများထံမှ အလုပ်သမားများနှင့် စပ်လျဉ်း၍ တိုင်ကြားစာ(၇၈)စောင် လက်ခံရရှိခဲ့ပြီး၊ ဤကော်မတီသို့ မိတ္တူပေးပို့လာသော ဆောင်ရွက်ရန်မလိုသည့် တိုင်ကြားစာများကို ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဖိုင်တွဲသိမ်းဆည်းသည့် အမှုတွဲ(၂၃)စောင်၊ ကော်မတီအဖွဲ့ဝင်များမှ တိုင်ကြားသူကာယကံရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး အမှုတွဲ(၁၉)စောင်၊ ဆောင်ရွက်ပြီး ပန်ဒါ ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)အမှုတွဲ (၃)စောင်၊ လက်ရှိဆောင်ရွက်ဆဲအမှုတွဲ (၂)စောင်၊ တိုင်ကြားစာ(၁၉)စောင်အား ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့် အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာ(၁၂)စောင်နှင့် အဆိုပါ ပြန်ကြားစာများကို ပြန်လည်သုံးသပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှု ခံယူခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

၁၀။ ကော်မတီ၏ အခြားဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၇-၁၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံအခြေခံအလုပ်သမားသမဂ္ဂ၏ အကူအညီတောင်းခံချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်သမားရေးရာကော်မတီဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့နှင့်အတူ အလုပ်ရှင်၊ အလုပ်သမားတို့အား စေ့စပ်ညှိနှိုင်းပေးခဲ့ရာ (၁၀)ရက်ကြာ သပိတ်မှောက် ဆန္ဒပြနေမှုအား အောင်မြင်စွာ ညှိနှိုင်းပေးနိုင်ခဲ့၍ ဆန္ဒပြမှု အဆုံးသတ်ပေးနိုင်ခဲ့ပါသည်။

(ခ) ကော်မတီသည် အခါအားလျော်စွာ ကမ်းလှမ်းဖိတ်ကြားလာသည့် Workshop များ၊ Seminor များ၊ Debate များသို့ ကော်မတီဝင်များမှ တက်ရောက်ဆွေးနွေးခြင်းနှင့် စီမံကိန်း ဘတ်ဂျက်နှင့် လုပ်ငန်းစီမံချက် ရေးဆွဲခြင်းဆိုင်ရာ ရက်တိုသင်တန်းများ တက်ရောက်ခြင်း၊ မီဒီယာချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အင်္ဂလိပ်စာ သင်တန်းများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ ပေးအပ်လာသည့် တာဝန်များအား ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ

၁၁။ (က) နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ ကော်မတီမှ ဆောင်ရွက်ခဲ့ပြီးသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် အဆိုတင်သွင်းနိုင်ခဲ့ပါသည်။ ထိုဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုနိုင်ပါက နောက်နောင် ဖြစ်ပေါ်လာနိုင်သော အငြင်းပွားမှုပြဿနာများကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

(ခ) ကော်မတီသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ILO ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါက အလုပ်သမားထုအတွက် အကျိုးမပြုသော ဥပဒေများ၊ လက်တွေ့မကျသော ဥပဒေများ၊ လိုက်နာဆောင်ရွက်ရန် ခက်ခဲသောဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရာတွင် ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါမည်။

(ဂ) ကော်မတီသို့ တိုင်ကြားလာသော အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုပြဿနာများကို ဥပဒေနှင့်အညီ အကြံပြုရာတွင် လိုအပ်ပါက နှစ်ဖက်အငြင်းပွားသူများနှင့် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများထံသို့ ကွင်းဆင်းစုံစမ်းနိုင်ပါက တရားမျှတမှု ဖော်ဆောင်နိုင်ရေးနှင့် စေ့စပ်ညှိနှိုင်းမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီး လွှတ်တော်ကို ပြည်သူတို့ အားကိုးယုံကြည်မှုများ ပိုမိုမြင့်တင်နိုင်ပါမည်။

## နိဂုံး

၁၂။ အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားစေရန် ဥပဒေရေးရာအကာအကွယ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကို စောင့်ကြည့်ထိန်းညှိပေးခြင်းများဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာ တည်ထောင်နိုင်ရန် ကူညီဖော်ဆောင်ပေးသည့် ကော်မတီတစ်ရပ်ဖြစ်စေရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်ရန် ကြိုးစားထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၀၃ နာရီအချိန်တွင်ရပ်နားပါသည်။]